# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈။)**

**၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်**

**(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

Myanmar Law Information System (MLIS)

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (င) တွင်ပါရှိသော "ပြည်ထောင်စုအစိုးရ ကျန်းမာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ) နှင့် (ဌ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုများ၊ သဘာဝ သို့မဟုတ် လူ့ပယောဂကြောင့်ဖြစ်သော ဘေးအန္တရာယ်များနှင့် မတော်တဆဖြစ်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို လူသားချင်းစာနာ ထောက်ထားခြင်းအပေါ် အခြေခံကာ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဌ) ရှေးဦးပြုစုခြင်း ပညာရပ်ပြန့်ပွားရေးအတွက် အမျိုးသားအဆင့် အစီအမံများ ဆောင်ရွက်ရန်။"

၄။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၉။ (က) ကောင်စီသည်ကောင်စီဝင်များထဲမှ အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အချိန်ပိုင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ခြောက်ဦး၊ စုစုပေါင်း အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အချိန်ပြည့် အလုပ်အမှုဆောင်အဖွဲ့ဝင် ငါးဦးအနက်မှ ဥက္ကဋ္ဌတစ်ဦးနှင့် ဒုတိယဥက္ကဋ္ဌတစ်ဦးတို့ကို ရွေးကောက်တင်မြှောက်ရမည်။"

၅။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေတွင်ပါရှိသော "အသင်းအဆင့်ဆင့်" ဆိုသည့်စကားရပ်များကို "အသင်း၊ ကြီးကြပ်မှုကော်မတီ၊ အသင်းခွဲနှင့် အသင်းခွဲငယ်များ" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၆။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဥ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဥ) တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်များအတွက် ကြီးကြပ်မှုကော်မတီများကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်များအတွက်

အသင်းခွဲအမှုဆောင်အဖွဲ့များကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံနှင့် အလုပ်ဌာနများအတွက် အသင်းခွဲငယ်များကို လည်းကောင်း ဖွဲ့စည်းခြင်းနှင့် တာဝန်သတ်မှတ်ပေးခြင်းတို့ ပြုနိုင်သည်။”

၇။ မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ထ) ၏ နောက်တွင် ပုဒ်မခွဲ (ဒ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဒ) အသင်း၏ စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် အသင်း၏ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကို အထွေထွေအတွင်းရေးမှူးအဖြစ် ခန့်အပ်ရမည်။”

၈။ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၂၆။ အလုပ်အမှုဆောင်အဖွဲ့သည် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်ကြီးကြပ်မှု ကော်မတီများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့နယ်၊ တက္ကသိုလ်နှင့် ကောလိပ်အသင်းခွဲများအတွက် နာယက တင်မြှောက်ခြင်းကိုလည်းကောင်း၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ အခြေခံပညာကျောင်း၊ စက်ရုံ၊ အလုပ်ဌာနများ၏ အသင်းခွဲငယ်များအတွက် တာဝန်ခံတင်မြှောက်ခြင်းကို လည်းကောင်း အတည်ပြု နိုင်သည်။”

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)